# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၁၄ ရက်မြောက်နေ့ အစီအစဉ်

# [ ၆-၂-၂၀၁၅ ] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **စစ်တွေလေဆိပ်အား အဆောင်သစ်များတိုးချဲ့ဆောက်လုပ်ပေးရန်၊ ခရီးသွား ပြည်သူများ အတွက် ဝန်ဆောင်မှု တိုးတက်ကောင်းမွန်အောင် စီစဉ်ပေးရန်နှင့် ခရီးသည်တစ်ဦးလျှင် တစ်ထောင်ကျပ်စီ ကောက်ခံသော ဝန်ဆောင်ခသည် တစ်လလျှင် ဝင်ငွေမည်မျှ ရရှိပြီး မည်သည့်နေရာ များတွင် အသုံးပြုသည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်ခင်စန်းလှိုင်၊ ပုလဲ မဲဆန္ဒနယ်၏ **သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ဆည် (၆) ခုနှင့် ပတ်သက်၍ ဗျူဟာမြောက် EIA ကို လုပ်ဆောင်ရန်နှင့် ၎င်းဆည်များဆောက်လုပ်ရာတွင် IWRM ရေအရင်းအမြစ် ဘက်စုံ စီမံကိန်းခန့်ခွဲမှုနည်းစနစ်ကို အသုံးပြုရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးဖြိုးမင်းသိန်း၊ လှည်းကူး မဲဆန္ဒနယ်က **"သတင်းမီဒီယာများ လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်နိုင်ရန်နှင့် သတင်းမီဒီယာအနေဖြင့်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရမှ ဥပဒေနှင့်အညီ ဆောင်ရွက်မှုများ အလျင်အမြန် ပြုလုပ်ပေးပါရန် တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့သော **"လယ်ယာထွက်ကုန်စျေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။